ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့ (16-12-2010) (ဖြေ၁၄)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ပုဂံဒေသရှိဘုရားများ ဖူးမြော်ကြည်ညို



ပခုက္ကူမြို့နယ်အတွင်းရှိ တန့်ကြည်တောင် စွယ်တော်ရှင် စေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။
(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုဂံမြို့မှ ထွက်ခွာခဲ့ကြရာ ပခုက္ကူမြို့နယ်အတွင်းရှိ တန့်ကြည်တောင် စွယ်တော်ရှင်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ထို့နောက် နိုင်ငံတော် အကြီးအကဲနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တန့်ကြည်တောင် စွယ်တော်ရှင်စေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ဆီမီးနှင့်အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် စေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ် ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့်ဇနီး တို့သည် တန့်ကြည်တောင် စွယ်တော်ရှင်စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် တန့်ကြည်တောင် စွယ်တော်ရှင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထားမှုနှင့် သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာပြီးနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် တန့်ကြည်တောင် စွယ်တော်ရှင် စေတီတော်မြတ်ကြီးရင်ပြင်တော်မှ တန့်ကြည်တောင် တစ်ဝိုက် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ကျွန်းချောင်း-ဆိပ်ဖြူရထားလမ်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးအား အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမော်က တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက တန့်ကြည်တောင်ဒေသသည် ယခင်က လွင်တီးခေါင်ဒေသဖြစ်နေရာမှ မိမိတို့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ယနေ့ဆိုလျှင် တန့်ကြည်တောင်ဒေသ၌ သစ်ပင်များပေါက်ရောက်လာနေပြီဖြစ်၍ တန့်ကြည်တောင်ဒေသ တစ်ခုလုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဖိဖိစီးစီး ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဗျာဒိတ်တော်ဘုရားအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗျာဒိတ်တော်ဘုရား ရင်ပြင်မှ စေတီတော်မြတ်ကြီးအနီးရှိ **စာမျက်နှာ ၄ ကော်လံ ၁ သို့**❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တန့်ကြည်တောင် စွယ်တော်ရှင်စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၆-၁၂-၂၀၁၀
(ကြာသပတေးနေ့)

လူသားအရင်းမြစ်ဆုံးရှုံးမှုကင်းဝေးစေဖို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ

စည်းကမ်းသည် လူ၏တန်ဖိုးပင်ဖြစ်သည်။ အိမ်တွင်အိမ်စည်းကမ်း၊ ကျောင်းတွင်ကျောင်းစည်းကမ်း၊ ရုံးတွင်ရုံးစည်းကမ်းရှိသကဲ့သို့ လမ်းများတွင်လည်း လမ်းစည်းကမ်းဟူ၍ရှိသည်။ သို့မှသာ လူတို့အတွက် အန္တရာယ်ကင်းသော သာယာလှပသည့်လူ့ဘောင်ကို တည်နိုင်မည်ဖြစ်ပေသည်။ယာဉ်မောင်းသူများသည် မိမိယာဉ်အားမမောင်းနှင်မီ ယာဉ်တစ်ခုလုံး၏ အစိတ်အပိုင်းများကိုစစ်ဆေးရန်နှင့် မောင်းနှင်စဉ်တွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်သကဲ့သို့ လမ်းကူးသူပြည်သူများသည်လည်း စနစ်တကျရှိရန်လိုအပ်သည်။

ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် ကိုယ်စီအသိဖြင့် ထိန်းသိမ်းရမည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတွင် အချက်ပြမှုတို့ကိုဂရုပြုသင့်သည်။ လမ်းဘေးဝန်းကျင်ရှိသတိပေးဆိုင်းဘုတ်တို့ကိုလည်း လျစ်လျူမရှုသင့်ပေ။ အီလက်ထရွန်နစ်နည်းပညာများ တိုးတက်မှုနှင့်အညီ မီးပွိုင့်များကိုလည်း တပ်ဆင်ထားသဖြင့် အတိအကျလိုက်နာရန်လိုအပ်သည်။ သို့မှသာ မတော်တဆမှုများ လျော့နည်းမည်ဖြစ်၏။

အမြန်လမ်းမကြီးများတွင်လည်း သီးခြားသတ်မှတ်ထားသော အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်ဖြစ်သကဲ့သို့ ရထားလမ်းကူးများတွင် ချင့်ချိန်ကာ သတိဖြင့် ဖြတ်သန်းမောင်းနှင်ရမည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက အန္တရာယ်ရှိကြောင်းသတိပေးသည့် အဝါရောင်သင်္ကေတဆိုင်းဘုတ်များဖြင့်လည်းကောင်း၊ အနီရောင်သင်္ကေတဖြင့် တားမြစ်ခြင်းနှင့်ကန့်သတ်ခြင်းလမ်းညွှန်များကိုလည်းကောင်း၊ အပြာရောင်သင်္ကေတဆိုင်းဘုတ်ဖြင့် မလိုလားသည့်အန္တရာယ်တို့မရှိစေရန် အမိန့်ပေးဆိုင်းဘုတ်များဖြင့်လည်းကောင်း အသီးသီးလမ်းညွှန် သတိပေးလျက်ရှိသည်။

ထို့အပြင် မော်တော်ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်ကင်းဝေးစေရေး ပညာပေးလုပ်ငန်းများကို ကျေးရွာအရောက် ပညာပေးလုပ်ဆောင်လျက်ရှိခြင်း၊ကြေညာချက်ဆိုင်းဘုတ်များစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီဒီယာများ၌ဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်ခြင်းစသည့် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မည်သည့်ယာဉ်အမျိုးစားကိုမဆို မောင်းနှင်ရာတွင်“ မောင်းလျှင်မမူးနဲ့၊ မူးလျှင်မမောင်းနဲ့” ဟူသည်ကို သတိပြုပြီးစနစ်တကျသင်ကြားတတ်မြောက်၍ လိုင်စင်ရှိမှသာ မောင်းနှင်သင့်ပေသည်။ သို့မှသာ ယာဉ်မောင်းသူရော၊ ခြေကျင်ဖြတ်ကူးသူများပါ အန္တရာယ်ဆိုးတို့မှ ကင်းဝေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ***လူသားအရင်းမြစ်များမဆုံးရှုံးစေရန်***အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာကာ သင်နှင့်သင့်မိသားစုသင့်ပတ်ဝန်းကျင်ဘေးကင်းရန်ကွာပြီး သာယာလှပသည့် လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်ဝိုင်းဝန်းကြိုးပမ်းဖို့တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၅

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင်နှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ လုပ်သားပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးအတွက် ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ နေပြည်တော်ခရိုင်အတွင်းရှိ လယ်ဝေး၊ တပ်ကုန်းနှင့် ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဇေယျာသီရိ မြို့နယ်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၀၇)



ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါး အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၆ရက်က ပုဇွန်တောင်မြို့နယ် အထက(၂)တေဇကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးလှရီက လူငယ်လူရွယ်များ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ၏အန္တရာယ်ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောစဉ်။ (မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးမောင်မောင်ဆွေအား ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျဓနသဟာယနိုင်ငံ သံအမတ်ကြီး H.E.Ms. Michelle Su-Wen Chanသည် ဒီဇင်ဘာ၁၄ နံနက် ၉ နာရီခွဲကနေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ မေခလာခန်းမ၌ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အထက(၂) မုံရွာ (၁၆) ကြိမ်မြောက်အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၅

မုံရွာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၂ခုနှစ် ပြာသိုလဆန်း ၁၂ရက်) ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ပြီး အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၂၄ဦးတို့ကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဦးဝင်းဖေ (အထက ၂) ကျောင်းအုပ်ကြီး၊မုံရွာမြို့ ဖုန်း-၂၁၁၄၀၊ ဦးကျော်ငွေး (မင်းမဟော်ထီဆိုင်) ဖုန်း-၂၁၆၅၅၊ ၀၉-၂၁၃၂၅၆၆၊ ဦးနီ (သဇင်မိတ္တူ) ဖုန်း-၂၂၇၆၁၊ ဦးညဏ်အောင် (ပရိဘောဂ) သာစည်လမ်း ဖုန်း-၀၉-၄၇၀၅၀၈၆၉၊ ဒေါက်တာညဏ်လင်း (သွားဆရာဝန်) ဖုန်း-၂၂၀၃၀၊ ဦးမြင့်ဝင်း (ငါးမန်းတိုက်) ဖုန်း-၂၂၁၃၆၊ ဦးနိုင်ဇော်မျိုး (ကျော်ညီနောင်) ဖုန်း-၂၂၅၆၉၊ ၀၉- ၂၁၃၀၁၁၀နှင့်သက်ဆိုင်ရာ ကော်မတီများထံဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ တောင်ဥက္ကလာပ၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ဦးစီးကျင်းပသော ၂၀၁၀ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက တောင်ဥက္ကလာပမြို့နယ် အထက (၁) သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းနှင့် တောင်ဥက္ကလာပမြို့နယ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာဦးဝင်ကိုဦးတို့က ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအကြောင်း အသိပေးပြောကြားကြသည်။ (ကြေးမုံ)

စာဆိုတော်နေ့အခမ်းအနား ပြည်မြို့၌ ကျင်းပ

ပြည် ဒီဇင်ဘာ ၁၅

စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက်၉နာရီက ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ပြည်တက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဦးမြဝင်း(မြဝင်း-ဒဿန)က စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းနှင့် စာဆိုတော်ကြီးများ၏ဂုဏ်ကျေးဇူးကြီးမားပုံကို ဟောပြောသည်။ ဆက်လက်၍ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်ဆန်းမင်း(မင်းယွန်း-ခေတ္တရာ) က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းမိသားစုထံမှ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ လှူဒါန်းသောငွေကျပ်သုံးသောင်းအား အလှူရှင်များကိုယ်စား ပြည်တက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဦးမြဝင်းက လှူဒါန်းရာ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်တို့က လက်ခံယူကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဆုချီးမြှင့်

ဝါးခယ်မမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၁၁ရက်က အဆိုပါကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

သွေးလှူရှင်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာ ၁၄ရက်တွင် ကျရောက်သော (၃၄)ကြိမ်မြောက် သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် သွေးလှူရှင်များအားဂုဏ်ပြုပွဲအခမ်းအနားကိုယမန်နေ့ နံနက်၈နာရီတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ IFRC နှင့် JICA တို့မှ တာဝန်ရှိသူများ၊သွေးလှူရှင် အဖွဲ့အစည်းများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက သွေးလှူရှင်သံယောတော်အပါး ၃၀၊ အကြိမ် (၁၀၀)နှင့်အထက် သွေးလှူရှင်၄၉ဦးအပါအဝင် အကြိမ်(၅၀) နှင့်အထက် သွေးလှူရှင် ၅၀၁ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းသစ်များ ဖောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဦးကျော်ဆန်း တက်ရောက် မှာကြားဖြည့်ဆည်း

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ စေတနာရှင် အလှူရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျေးရွာချင်းဆက်လမ်းသစ်များ ဖောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပုလဲရတနာခန်းမ၌ ကျင်းပသည့် ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ စေတနာရှင် အလှူရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျေးရွာချင်းဆက်လမ်းသစ်များ ဖောက်လုပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာများမှ လမ်းဖြစ်မြောက်ရေး တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းသစ်များ ဖောက်လုပ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လမ်းဖောက်လုပ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် လမ်းအူကြောင်းများ သတ်မှတ်တိုင်းတာရေး၊ လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းဖောက်လုပ်မည့် မြေယာများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များနှင့် အကျေအလည် ညှိနှိုင်းဆောင်ရွက်ရေး၊ စက်၊ ယာဉ်၊ ယန္တရားများ ပို့ဆောင်ရေး၊ စက်သုံးဆီများ စနစ်တကျ ခွဲဝေသုံးစွဲရေး၊ လုပ်ငန်းများ အောင်မြင်စေရန် တာဝန်ရှိသူများ၊ ပြည်သူများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးတို့ကို အသေးစိတ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖောက်လုပ်မည့် ကျေးရွာချင်းဆက် လမ်းရှစ်ခုမှာ သက္ကယ်ကျင်း-အိုင်းမရွာ မြေသားလမ်း ၁ မိုင် ၄ ဖာလုံ၊ သစ်ကြီးတိုင်း-သဲပြင်ကျယ် မြေသားလမ်း ၅ မိုင်၊ ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ မြေသားလမ်း ၆ မိုင်၊ ကျောက်ချောလမ်း ၅ မိုင်၊ နှောကန်-စပါးစေ့-ကိုင်းတွင်းရွာ မြေသားလမ်း ၃ မိုင်၊ အင်ကြင်းစု-လက်ပံရွာ၊ မွေ့တုံ-ညောင်ကုန်းကျေးရွာ မြေသားလမ်း ၂ မိုင်၊ ပုလဲ-ပခုက္ကူလမ်း-အေးကုန်းရွာ မြေသားလမ်း ၁ မိုင်နှင့် မြောက်ပိတောက်ကုန်း - ပေါက်သဖ - စည်ပင် မြေသားလမ်း ၂ မိုင်တို့ဖြစ်ပြီး စုစုပေါင်း မြေသားလမ်း ၂၅ မိုင် ၄ ဖာလုံ ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၁၅

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တိုတယ်မြန်မာရေနံကုမ္ပဏီသည် ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းအတွက် ရတနာပလက်ဖောင်းမှ ဓမင်းဆိပ်ကမ်းခြေ ဧရိယာအထိ ၃၆ လက်မပိုက်လိုင်းကို Free Span Inspection တိုင်းတာစစ်ဆေးရေးလုပ်ငန်းကို Remote Operating Vehicle (ROV) အသုံးပြု၍ တိုင်းတာရေးရေယာဉ် MV Fugro Solstice ဖြင့် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Remote Operating Vehicle (ROV) Operations ဆောင်ရွက်မည့် ရတနာပလက်ဖောင်းမှ ဓမင်းဆိပ် ကမ်းခြေဧရိယာအထိ တိုင်းတာရေးလမ်းကြောင်း တစ်လျှောက် တည်နေရာမှာ ရတနာပလက်ဖောင်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် (၂၃ ဒသမ ၁၉၃၅၉)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် (၅၈ ဒသမ ၁၃၆၄၄)စက္ကန့်မှ ဓမင်းဆိပ်ကမ်းခြေ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ်၊ (၂၁ ဒသမ ၆၂၄၃၃)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် (၂၇ ဒသမ ၁၈၃၆၈)စက္ကန့်အထိ ဖြစ်သည်။

သို့ဖြစ်၍ ရတနာပလက်ဖောင်းမှ ဓမင်းဆိပ်ကမ်းခြေဧရိယာအထိ ၃၆လက်မပိုက်လိုင်းအား Free Span Inspection တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းကို Remote Operating Vehicle (ROV) အသုံးပြု၍ တိုင်းတာရေးရေယာဉ် MV Fugro Solstice ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ တိုင်းတာရေးလမ်းကြောင်းတစ်လျှောက် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ထား၍ သင်္ဘော ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ်ဘွဲ့ရများ (၁၂)ကြိမ်မြောက် တွေ့ဆုံမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် ဘွဲ့ရများ၏ (၁၂)ကြိမ်မြောက်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၈ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အင်းလျားကန်အနီး International Business Center (IBC) ၌ ကျင်းပမည်ဖြစ်ရာ ဦးကြည်စိုး ဖုန်း-၀၉-၅၁၇၅၂၇၀၊ ဦးခင်ဝင်း ဖုန်း-၀၁-၇၃၀၇၈၈၆၃၊ ဦးလှတိုး ဖုန်း- ၀၉-၅၀၀၀၈၀၁၊ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း) ဖုန်း-၀၉-၅၁၃၆၇၃၀၊ ဦးခင်မောင်ဝေ ဖုန်း-၀၉-၅၀၄၈၈၈၀၊ ဒေါက်တာစိုးဝင်း ဖုန်း-၀၉-၈၀၂၁၈၈၀၊ ဦးအေးဇော် ဖုန်း-၀၁-၅၄၁၇၄၂၊ ဦးသန်းထွန်း ဖုန်း- ၀၉-၅၈၂၄၅၀၂၊ အင်းလေးစိုးမြင့် ဖုန်း- ၀၉-၉၉၂၃၃၀၊ ဦးကြည်မြင့် ဖုန်း- ၀၁-၇၃၀၁၃၉၈၇၊ ဦးမင်းထွန်းရှိန် ဖုန်း-၀၂-၅၇၄၈၇၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁၁၃၂၇၀၊ ဒေါ်ခင်မြသိန်း ဖုန်း- ၀၁-၆၅၁၄၁၄၊ ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၀၁-၅၁၉၉၈၂ နှင့် ဒေါ်ခင်ရဲမြင့် ဖုန်း-၀၁-၇၃၀၀၄၀၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်းနှင့် GPS & Google Earth လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၁၅

CONCORDIA Int'L Co.,Ltd. က လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း (၁၄/၂၀၁၀)ကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ကုန်းကြောင်းသုံးနှင့် ရေကြောင်းသုံး GPS နှစ်မျိုးစလုံးအတွက် အခြေခံသီအိုရီနှင့် လက်တွေ့တိုင်းတာခြင်းများ၊ Mapsource Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Google Earth Software အသုံးပြုခြင်းနှင့် မြေပုံပြုလုပ်ခြင်းများကို စနစ်တကျ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး GPS ဘာသာရပ်တစ်ခုတည်း သီးသန့် တက်ရောက်လိုသူများအတွက်လည်း အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားရှိသည်။

ယင်းသင်တန်းတွင် မြေတိုင်းတာခြင်းကို ခေတ်မီ Instrument များဖြစ်သော Total Station ဖြင့် လက်တွေ့တိုင်းတာခြင်း (Engineering Survey, Topographical Survey) Topcon Link Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Civil CAD Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများကို စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

တက်ရောက်နိုင်

ယခုဖွင့်လှစ်မည့် GPS နှင့် မြေတိုင်းသင်တန်းကို ဒီဇင်ဘာ ၁၅ရက်မှ စတင်၍ သင်တန်းသားများ လက်ခံမည်ဖြစ်ပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး ရေကြောင်းသုံး GPS အတွက် ရေယာဉ်လုပ်သားများလည်း တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် Concordia Ltd. သုံးလွှာနှင့် ငါးလွှာ ဖုန်း- ၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀၀၉၂၂၃၊ ၀၉-၅၀၀၅၉၀၁၂၊ ၇၃၀၀၉၂၁၇ နှင့် ၇၃၀၀၉၂၁၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(သတင်းစဉ်)

သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သံတွဲခရိုင်အသင်း(ရန်ကုန်) မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ကန်တော်မင်္ဂလာပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသား၊ အသင်းသူများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ၊ ခရိုင်သားများအားလုံး ကြွရောက်ပါရန်နှင့် မိတ်ဆုံစားပွဲသို့ ကြွရောက်လာသူများအား ရခိုင်မုန့်တီ၊ ဒေသထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် တွံတေး၌ ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ ဘိုးဘွားရိပ်သာဝင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဇော်ဟန်နှင့် ဈေးပွဲတော်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သန်လျင်ဖန်ချက်စက်ရုံမှူး ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီထိ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၃၀ ၃။ ဓမ္မပူဇာတေး
- ၇:၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ ဇာတ်လမ်းတို -ချစ်လွန်းလို့ (အဆီဇာတ်လမ်းတို)
- ၄:၅၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၅၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၅:၀၀ ၈။ မွေးမြူသုတ
- ၅:၃၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၅ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မာယာနှုတ်ခမ်း (အပိုင်း-၂၂)**
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် - ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၃၀)
- ၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဖူးစင်သောအားမာန် (အပိုင်း-၁၈)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၁။ ကုန်သွယ်သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၆)**
- ၂၄။ ဂီတရင်ခုန်သံ
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

❖ ရှေ့ဖုံးမှ

တောတောင်များ၌ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တော သစ်ပင်များ စိုက်ပျိုးထားမှုနှင့် ကာကွယ်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် တန့်ကြည်တောင် စွယ်တော်ရှင်စေတီတော်မြတ်ကြီးမှ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ကန်တော့ပလ္လင်ဘုရားသို့ ရောက်ရှိကြရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကန်တော့ပလ္လင်ဘုရားအရှေ့ဘက်မုခ် ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် ကန်တော့ပလ္လင်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကန်တော့ပလ္လင်ဘုရား ဘက်စုံပြုပြင်ထိန်းသိမ်းထားမှုများကို ကြည့်ရှုကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကန်တော့ပလ္လင်ဘုရားမှတစ်ဆင့် ရွှေစည်းခုံ စွယ်တော်ရှင် စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံ စွယ်တော်ရှင် စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်း၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေစည်းခုံ စွယ်တော်ရှင်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တန့်ကြည်တောင်တစ်ဝိုက် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁၂-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အိမ်တွင်းပဋ္ဌိစ္စသမုပ္ပာဒ် " တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၆း၄၀ တောင်းဆုအမှန်ပြည့်မည်ဇေကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၃)**
၈း၅၀ Fashion Music Festival (Part-3)
၉း၃၀ Science For All (ပျက်သုဉ်းလျက်ရှိသော ကမ္ဘာ့အထင်ကရနေရာများ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ထွန်းနေစိုး)
၉း၅၅ Activities In The City [ခေတ်ဦးစတီရီယိုအနုပညာရှင်များ၏နှစ်(၄၀)ပြည့်အထိမ်းအမှတ်ဂီတပွဲ(ရန်ကုန်)]
၁၀း၁၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ရင်ဘတ်ကြီးနဲ့ချစ်လိုက်မယ်"
၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၀ The Champion of Dance
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ (၁၁)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
၁၂း၃၀ Activities In The City (မြန်မာ့တက္ကသိုလ်အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ)
၁၂း၅၀ ကုသိုလ်စုဘူးအကျိုးထူး
၁း၀၀ "အိမ်တွင်းပဋ္ဌိစ္စသမုပ္ပာဒ် " တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၀ Activities In The City (မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သက်ကြီးပညာရှင်များ ပူဇော်ရန်အလှူငွေပေးအပ်ပွဲ)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၆)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၃)**
၄း၄၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၇)မင်္ဂလာတောင်ညွန့်၏ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ]
၄း၅၅ "ဖော့ကန်ဝါဥူး" ပရိယတ္တိစာသင်တိုက်၏ အာစရိယပူဇော်ပွဲ
၅း၁၀ ဓာတ်ပုံထဲမှအမှတ်တရများ (သဥ္ဇာနွယ်ဝင်း)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ပီတိတွေလွှမ်း. . . မင်္ဂလာညချမ်း
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၇)**
၇း၂၀ Fashion Music Festival (Part-4)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (သနားတတ်တာကောင်းတယ်၊ မသနားတတ်တာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၄)**
၁၀း၁၀ မြန်မာ့ရုပ်ရှင်နှစ်(၉၀)ပြည့်ဂုဏ်ပြုအစီအစဉ် (အပိုင်း-၂)
၁၀း၄၀ အနုပညာမိုးကောင်းကင်
၁၁း၀၅ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေသြဇာသုံးစွဲစို့
၁၁း၂၅ သင်ယူလေ့လာဂီတပညာ (Part-1) (Intro)
၁၁း၄၀ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၁၁း၅၀ မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
၁၂း၂၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှစက်မှု(၁)၏ ကြွေပြားအလှ
၁၂း၄၅ ဆန်းသစ်အလှတိုးရွှေချည်ထိုး
၁း၀၅ မက်မက်မောမောမက်မန်း
၁း၁၅ မျှော်လင့်ခြင်း၏ အလင်းရောင်သစ်
၁း၄၅ ငှက်ပြတိုက် (လျှော်ကားဥယျာဉ်)
၁း၅၀ ငြိမ့်ညောင်းသာယာစောင်းပညာ
၂း၂၅ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Massage Bath
၂း၅၀ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ နွေးထွေးသော ဝန်ဆောင်မှုများနှင့်ဇေင်
၄း၁၀ လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၄း၂၀ Orchard Families (အပိုင်း-၁)
၄း၄၅ မြူခိုးဝေဝေပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လောကနန္ဒာ စွယ်တော်ရှင် ဘုရားကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရွှေစည်းခုံ စွယ်တော်ရှင်စေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ဝင်များသည် ရွှေစည်းခုံ စွယ်တော်ရှင်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

အလှူငွေပေးအပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံ စွယ်တော်ရှင်စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားမှုများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် အာနန္ဒာမြတ်စွာဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် အာနန္ဒာမြတ်စွာဘုရား အနောက်ဘက်မုခ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဂေါတမဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် အာနန္ဒာမြတ်စွာဘုရားအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် အာနန္ဒာမြတ်စွာဘုရား၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သဗ္ဗညုဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သဗ္ဗညုဘုရား ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းနှင့်ဆီမီးတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သဗ္ဗညုဘုရား အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာ စွယ်တော်ရှင်မြတ်ဘုရားကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသည် လောကနန္ဒာစွယ်တော်ရှင်ဘုရားကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာ စွယ်တော်ရှင်ဘုရားကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာ စွယ်တော်ရှင်ဘုရားကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကန်တော့ပလ္လင်ဘုရားအရှေ့ဘက်မုခ် ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၈။ အကပဒေသာ
- ၈း၃၀ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၃၅ ၄။ တေးဂီတအစီအစဉ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ "အမျိုးနှင့်မျိုး"
- ၅း၂၅ ၈။ "သက်တံရောင်သံစဉ်"
- ၅း၄၅ ၉။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" (Fresh) (ကုန်ထုတ်လုပ်မှု အကျိုးဆက် လှိုင်းဂယက်) (အပိုင်း-၃)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၃၅) (နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ၊ ကောင်းဆက်ထူး၊ ဇော်ဇော်အောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရံမဲ့. . . ရန်ခုန်သံ" (အပိုင်း-၁၈)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၅)
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၀)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၁၉)**
- ၂၁။ အစီအစဉ်ပြီး၏။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် မိမိတို့နိုင်ငံအတွက် ၁၅ ခုမြောက် ရေအားလျှပ်စစ်စက်ရုံဖြစ်ပြီး ဖွင့်ပြီးသမျှတွင် အကြီးဆုံးဖြစ် ရဲရွာရေလှောင်တမံသည် ကမ္ဘာပေါ်တွင် တည်ဆောက်ပြီး RCC တမံများအနက် တတိယအကြီးဆုံးဖြစ်

တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် 　　 ဒီဇင်ဘာ 　　 ၁၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး (အပေါ်ပုံ) **အမှတ်(၄) ဓာတ်အားပေးစက်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို စီမံကိန်းတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား သုံးစွဲမှု လိုအပ်ချက်ကို အထောက်အကူပြုနိုင်မည့် ဖွင့်လှစ်ခဲ့ပြီးသမျှ အကြီးမားဆုံး စက်ရုံကြီးဖြစ်သော ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ရဲရွာ ရေလှောင်တမံကြီးသည် မြန်မာနိုင်ငံတွင် ပထမဆုံးစတင်တည်ဆောက်သည့် RCC အမျိုးအစား ကွန်ကရစ်တမံကြီးဖြစ်သကဲ့သို့ ကမ္ဘာပေါ်တွင် တည်ဆောက်ပြီး RCC တမံများအနက် တတိယအကြီးမားဆုံး တမံကြီးဖြစ်သည့်အတွက် ယခုကဲ့သို့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပဏာမ ပြောကြားလိုကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ရဲရွာရေအားလျှပ်စစ်စက်ရုံသည် မိမိတို့နိုင်ငံအတွက် ၁၅ ခုမြောက် ဖွင့်လှစ်နိုင်ခဲ့သော ရေအားလျှပ်စစ်စက်ရုံဖြစ်ပြီး စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ရှိသည့် စက်လေးလုံးပါဝင်ပြီး စုစုပေါင်း စက်တပ်ဆင်အား ၇၉၀ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမို၍ ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်း။

မည်သည့်ခေတ်၊ မည်သည့်အချိန်ကာလတွင်ဖြစ်စေ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူများ၏ အခြေခံအကျဆုံး အဓိကလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေးတို့ ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတော်သစ် တည်ဆောက်ရေးတာဝန်ကို ရယူထမ်းဆောင်ခဲ့ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ပြည်တွင်းလက်နက်ကိုင် ဆန့်ကျင်ဘက် အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ လက်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်အောင် ဖိတ်ခေါ်ကမ်းလှမ်းမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ခေတ်နောက်ကျနေသည့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂) ရပ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး မမှိတ်မသုန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ **"နိုင်ငံတော်ရဲ့ လက်ရှိကာလဟာ ခေတ်မီနိုင်ငံတော်သစ်အတွက် ဖွံ့ဖြိုးရေးတည်ဆောက်မှုကာလကို ဖြတ်သန်းနေရခြင်း ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံ တောင့်တင်းခိုင်မာမှသာ အမျိုးသားစီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း"** လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် လယ်ယာစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု တိုးတက်မြင့်မားရေး စသည့် ဘက်စုံ အခြေခံအဆောက်အအုံများကို အပြိုင်အဆိုင် တိုးတက်ဖွံ့ဖြိုးလာအောင် အမျိုးသားစီမံကိန်း အဆင့်ဆင့်ချမှတ်ပြီး အရှိန်အဟုန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုလို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်စွမ်းအား လိုအပ်ချက်သည်လည်း တစ်ဟုန်ထိုးကြီးမားတိုးတက်လာနေသည့်အတွက် မိမိနိုင်ငံ၊ မိမိတို့ပြည်သူလူထု၏ နေ့စဉ် လူမှု - စီးပွားဘဝအတွက် အဓိကလိုအပ်ချက်ဖြစ်သကဲ့သို့ စက်မှုနိုင်ငံတော်သို့ ကူးပြောင်းတက်လှမ်းရာတွင် မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်စွမ်းအား ထုတ်လုပ်ရေးကဏ္ဍ အချိန်တိုတိုအတွင်း တိုးတက်မြင့်မားလာအောင် ကိုယ့်အားကိုယ်ကိုးပြီး ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊

နိုင်ငံတော်၏ သဘာဝပထဝီအနေအထားအရ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့် ရေအရင်းအမြစ် သယံဇာတများ ပေါများနေသော်လည်း ဘဏ္ဍာငွေ အမြောက်အမြား ရင်းနှီးမြှုပ်နှံသုံးစွဲရခြင်း၊ ကာလရှည်ကြာ အချိန်ယူ တည်ဆောက်ရခြင်း စသည့်ကန့်သတ်ချက်များကြောင့် ၁၉၈၈ ခုနှစ်မတိုင်မီက တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည် ၅၂၉ ဒသမ ၁ မဂ္ဂါဝပ်သာရှိခဲ့ကြောင်း၊ ယခုလို လိုအပ်ချက် အများအပြားရှိနေသည့် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား ထုတ်လုပ်မှု အရှိန်အဟုန်ကို ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ ရဲရွာရေအားလျှပ်စစ် စက်ရုံကြီး အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၅ ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၃၁ ရုံမှ စုစုပေါင်း စက်တပ်ဆင်အား ၃၀၄၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၃ ခုအနက် ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းနှင့် ၆၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း တို့ကိုလည်း မကြာမီ မရှေးမနှောင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် အမျိုးသားစီးပွားရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးရေးနိုင်ငံဖြစ်ခဲ့သည့်အတွက် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ချမှတ်ထားသော စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လယ်ယာစီးပွား အခြေခံ အဆောက်အအုံများနှင့် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ဆန်စပါးနှင့် ပဲမျိုးစုံ ထုတ်လုပ်မှုမြင့်မားသော နိုင်ငံအဆင့်ကို ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ အခြားသီးနှံမျိုးစုံကိုလည်း ယခင်ကထက် တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည့်အတွက် လက်ရှိလူဦးရေသာမက နောင်တွင် တိုးပွားလာမည့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

မန္တလေးတိုင်း ဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဦးစိုးသိန်းတို့ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

❒ စာမျက်နှာ ၆ မှ

လူဦးရေအတွက်ပါ စားနပ်ရိက္ခာ ဖူလုံအောင် ဖြည့်တင်းပေးနိုင်မှာ ဖြစ်ကြောင်း၊ ယင်းအခြေအနေကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရင်း တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ အဓိကရည်မှန်းချက် ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးဆီသို့ တစ်ဆင့်မြင့် တက်လှမ်းနိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း၊ စက်မှုနိုင်ငံတော်အဖြစ်သို့ ကူးပြောင်းတက်လှမ်းရာတွင် အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်စွမ်းအား ထုတ်လုပ်ရေးကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိသည့် အပြင် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံကြီးများကိုလည်း တစ်ပြေးညီ တည်ဆောက်ပေးလျက်ရှိသည့်အတွက် တိုးတက်ဖြစ်ပေါ်လာမည့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်း၊ အလားတူပင် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်း ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးလာအောင် စက်မှုအခြေခံအဆောက်အအုံများ တည်ဆောက်ခဲ့ရာတွင် နိုင်ငံပိုင်စက်ရုံအနေဖြင့် ယခုဆိုရင် စက်ရုံပေါင်း ၆၉၇ ရုံရှိနေပြီဖြစ်သကဲ့သို့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ပုဂ္ဂလိကကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်လာအောင် နိုင်ငံတစ်ဝန်း စက်မှုဇုန်ပေါင်း ၁၈ ဇုန် တည်ထောင်ပေးခဲ့ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးအတွက် အခြေခံကျသည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို နည်းပညာနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးပေးခြင်းအားဖြင့် အားပေးမြှင့်တင်ခဲ့သည့်အတွက် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းပေါင်း ခြောက်သောင်းကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ဘဝ တိုးတက်ခိုင်မာရေးသည် ထူးချွန်ထက်မြက်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထက်သန်သော မျိုးဆက်သစ် လူငယ်လူကောင်းလူတော်များ၏ ပခုံးထက်တွင် တည်ရှိနေကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များ အလျှံအပယ် ပေါကြွယ်ဝပြီးဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အမျိုးသားအဆင့်စီမံကိန်းများတွင် တစ်ဆက်တစ်စပ်တည်း ထည့်သွင်းရေးဆွဲပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု ပိုင်းခြားသတ်မှတ်ပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း ဟန်ချက်ညီ တိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ရာတွင် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ် တစ်ခုစီ ထူထောင်ပေးခဲ့ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် လူငယ်လူရွယ်များ ထွက်ပေါ်လာအောင် ရည်ရွယ်ချက်ရှိရှိ လေ့ကျင့်ပျိုးထောင် မွေးမြူနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ခေတ်မီနည်းပညာရှင်၊ အတတ်ပညာရှင်များ ထွက်ပေါ်လာအောင် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ကိုလည်း တိုးမြှင့် ထူထောင်ပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် စက်မှုနိုင်ငံတော်အဖြစ်သို့ အချိန်တိုတိုအတွင်း တက်လှမ်းနိုင်ရန်အတွက် အဆင့်မြင့်နည်းပညာများကို ထိထိရောက်ရောက် အသုံးချနိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အမြောက်အမြား ဖြည့်ဆည်းပေးနိုင်ရန် မွေးမြူ ပျိုးထောင်ပေးလျက်ရှိသည့် မျိုးဆက်သစ်လူငယ်များ အနေဖြင့်လည်း မိမိတတ်ကျွမ်းနားလည်သော အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများနှင့် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော စက်မှုနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်း ဆူကြိုနိမ့်မြင့် ကွာဟချက် နည်းပါးပြီး အပြိုင်အဆိုင် ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနိုင်ငံသို့ ကူးပြောင်းတက်လှမ်းရာတွင် အခြေခံကောင်းများ ပြည့်စုံခိုင်မာရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို နှစ်ပေါင်း ၂၀ ကျော်အတွင်း ဘဏ္ဍာငွေ အမြောက်အမြား ရင်းနှီးမြှုပ်နှံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် လက်ရှိအနေအထားတွင် စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းနိုင်ရန် အခြေခံကောင်းများကို ဖန်တီးဖော်ဆောင်ထားနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး စက်မှုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကကျသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ထိထိရောက်ရောက် စုဆောင်းကာ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအတွက် အကျိုးရှိရှိ အသုံးချနိုင်ရန်အတွက် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း၊ ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့ကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အနာဂတ်ကာလတွင် နိုင်ငံတော်အပိုင်း၊ ပြည်သူ့အပိုင်း၊ တပ်မတော်အပိုင်း၊ နိုင်ငံရေးပါတီများအပိုင်းဆိုပြီး အပိုင်းလိုက် ထမ်းဆောင်ကြရမည့်တာဝန်များကို နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုပြီး ဦးထမ်းပဲ့ထမ်း ညီညီညွတ်ညွတ် ထမ်းဆောင်သွားကြရန် အရေးကြီး။

ရှင်းလင်းပြောကြား

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနဝန်ကြီး ဦးဇော်မင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တစ်ချိန်တည်းမှာပင် အာဆီယံဒေသတွင်း ပေါင်းစည်းမှု လုပ်ငန်းစဉ်များတွင် လိုက်လျောညီထွေ တန်းတူရည်တူ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီးပွားရေးစနစ်၏ ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်များကို ဆက်လက်ဖော်ဆောင်သွားမည့် အနာဂတ်ရည်မှန်းချက်များနှင့် အညီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိတိုင်းရင်းသားပြည်သူများ၏ အမျိုးသားအကျိုးစီးပွားဘဝ တောင့်တင်းခိုင်မာလာအောင်၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ရည်မှန်းချက်ပန်းတိုင်ကို အချိန်တိုတိုအတွင်း အရောက်လှမ်းနိုင်အောင်၊ အဆင့်မြင့်နည်းပညာများနှင့် စက်မှုနည်းပညာများကို အခြေခံသည့် စီးပွားရေးစနစ်သစ်ကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်အောင် ကျရာကဏ္ဍအသီးသီးမှ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်မှ ရင်းနှီးတည်ဆောက်ထားသည့် ရုပ်ဝတ္ထုဆိုင်ရာ၊ အသိပညာဆိုင်ရာ အခြေခံကောင်းများ၊ ရေမြေသဘာဝ သယံဇာတ အရင်းအမြစ်များနှင့် စီးဝင်လာမည့် အရင်းအနှီးများကို ထိထိရောက်ရောက် အကျိုးရှိရှိ ပေါင်းစပ်အသုံးချကာ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန် အရေးကြီးကြောင်း ပြောကြားလိုကြောင်း။

အနာဂတ်ကာလတွင် နိုင်ငံတော်အပိုင်း၊ ပြည်သူ့အပိုင်း၊ တပ်မတော်အပိုင်း၊ နိုင်ငံရေးပါတီများအပိုင်းဆိုပြီး အပိုင်းလိုက် ထမ်းဆောင်ကြရမည့် တာဝန်များကို နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကိုရှေးရှုပြီး ဦးထမ်းပဲ့ထမ်း ညီညီညွတ်ညွတ် ထမ်းဆောင်သွားကြရန် အရေးကြီးကြောင်း။

အေးချမ်းသာယာတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဒီမိုကရေစီနှင့် ဒွန်တွဲဖြစ်ပေါ်လျက်ရှိသော အခြေခံ အကြောင်းတရားများဖြစ်သည့်အတွက် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျက်ခြည်မပြတ် ခိုင်မာသည်ထက် ခိုင်မာအောင် စဉ်ဆက်မပြတ် ဖော်ဆောင်နေကြရမှာပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ နိုင်ငံတော်၏ ကိုယ့်ခွန် ကိုယ့်အားကို အခြေခံပြီး ကြိုးစားတည်ဆောက်ထားပြီး ဖြစ်သော ယနေ့ဖွင့်လှစ်လိုက်သည့် ရဲရွာရေအားလျှပ်စစ်စက်ရုံ အပါအဝင် အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ကျန်ရှိသောအဆင့်များ အောင်မြင်အောင် ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ ကျရာကဏ္ဍအသီးသီးမှ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁



ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

ဤစက်ရုံကြီးသည် နိုင်ငံတော်မှ ငွေကြေးပမာဏများပြားစွာ ရင်းနှီး တည်ဆောက်ခဲ့ သဘာဝအန္တရာယ် ဖြစ်နိုင်ခြေအမျိုးမျိုးကို ကြိုတင်မျှော်မှန်းကာကွယ် စက်ရုံလုံခြုံရေးကိစ္စရပ်များကို အမြဲဂရုပြုဆောင်ရွက်

❁ စာမျက်နှာ ၇ မှ

ထို့နောက် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်စွမ်းအား ကဏ္ဍကိုလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ဘက်ပေါင်းစုံ

ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်ဖြင့် ဘက်ပေါင်းစုံ တိုးတက်ရေးအတွက် ယခုဖွင့်လှစ်လိုက်သည့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများဖြင့် ပြည်သူလူထု၏ လူမှုဘဝ အဆင့်အတန်း ထပ်မံမြင့်မားလာအောင် ဆောင်ရွက်ပေးဦးမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရဲရွာ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို တည်ဆောက်ပေးခဲ့သော နိုင်ငံတော်အစိုးရနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဤစက်ရုံကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ရှိသူများနှင့်အတူ ပြည်သူအားလုံးက စုပေါင်းကြိုးပမ်းအားထုတ်စွမ်းဆောင်သွားကြပါရန် ပြောကြားသည်။

ခက်ခက်ခဲခဲ

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ပြောကြား ရာတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းတွင် အဓိကလုပ်ငန်းကြီးရှစ်ခု ပါဝင်ကာ နည်းပညာသစ်များဖြင့် ခက်ခက်ခဲခဲ ကြိုးကြိုးစားစား ဆောင်ရွက်ရပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအလွန်များပြားသော စီမံကိန်းဖြစ်ပါကြောင်း။

နည်းလမ်းသုံးခု

နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ကြီးဌာနက ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေး၍ အကောင်အထည်ဖော်ခြင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် အကောင်အထည်ဖော်ခြင်း စသည့် နည်းလမ်းသုံးခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

အကြီးဆုံး

ရဲရွာရေအားလျှပ်စစ်စက်ရုံနှင့် ဓာတ်အားပေးစက်ရုံသည် ယခုအချိန်ကာလတွင် မြန်မာနိုင်ငံ၏ အကြီးဆုံးသော စီမံကိန်းဖြစ်ပြီး သန့်ရှင်းသပ်ရပ်သော စက်ရုံ၊ သန့်စင်သောစွမ်းအင်ထုတ်လုပ်သည့် ကမ္ဘာ့အဆင့်မီ စက်ရုံကြီးတစ်ရုံအဖြစ် ရေရှည်တည်တံ့ခိုင်မြဲအောင်နှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံရှေ့ရှိ မင်္ဂလာမုခ်ဦး၌ ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းတို့က ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် စက်ရုံမှ တာဝန်ရှိသူများသည် မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီး ဦးဇော်မင်းက ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ အမှတ်(၄) ဓာတ်အားပေးစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဓာတ်အားပေးစက် အောင်မြင်စွာ စတင်လည်ပတ်မှုနှင့် လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်မှုတို့ကို ကြည့်ရှုအားပေးသည်။

လက်ဆောင်ပေး

ယင်းနောက် ဝန်ကြီးချုပ်သည် နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများအား သစ်သီးခြင်း လက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ကြီး ဦးဇော်မင်းက စီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံရှုရပ်မှ ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ အမှတ်(၄)ဓာတ်အားပေးစက် အောင်မြင်စွာ စတင်လည်ပတ်မှုနှင့် လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်မှုတို့ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး အမှတ်(၁)စက်ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် လည်းကောင်း၊ အမှတ်(၂)စက်ကို ၂၀၁၀ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လည်းကောင်း၊ အမှတ်(၃)စက်ကို ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် လည်းကောင်း၊ အမှတ်(၄)စက်ကို ယနေ့တွင် လည်းကောင်း လည်ပတ်ဓာတ်အားထုတ်လုပ်ပေးနိုင်ပြီဖြစ်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး... ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ... ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်...

ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကမ္ဗည်း

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်း နောက်ခံသမိုင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ခေတ်မီနည်းပညာ

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဤစက်ရုံကြီးသည် လုပ်ငန်းပမာဏကြီးမားပြီး နိုင်ငံတော်မှ ငွေကြေးပမာဏများပြားစွာ ရင်းနှီး တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံရေရှည်စွမ်းအားပြည့် လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီနည်းပညာရပ်များကို ကျွမ်းကျင်သည့် အရာထမ်း၊ အမှုထမ်းများ ဖြစ်လာစေရေး၊ စက်ပစ္စည်းထိန်းသိမ်းမှု လုပ်ငန်းများ စနစ်တကျ ရှိစေရေး၊ သဘာဝအန္တရာယ် ဖြစ်နိုင်ခြေ အမျိုးမျိုးကို ကြိုတင်မျှော်မှန်းတွက်ဆပြီး ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး၊ စက်ရုံလုံခြုံရေးကိစ္စရပ်များကို အမြဲဂရုပြုဆောင်ရွက်သွားရေး တို့ကို အသေးစိတ် မှာကြားသည်။

ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံပြခန်းအတွင်း ခင်းကျင်းပြသထားသော ရဲရွာရေအား လျှပ်စစ်စီမံကိန်းပုံစံငယ်နှင့် မှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတ်အားထိန်းချုပ်ခန်း(Control Room)အတွင်း ကြည့်ရှုစစ်ဆေးကြရာ စက်ရုံတာဝန်ရှိသူတစ်ဦးက ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားပို့လွှတ်မှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်မတမံရှုရပ်မှ ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Control Point (601)ရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ရဲရွာတမံသည် RCC ကွန်ကရစ်တမံ အမျိုးအစားဖြစ်ပြီး ရေလွှဲဥမင်လိုဏ် နှစ်ခု၊ အချင်း ၃၃ ပေ၊ အလျား ၃၁၁၇ ပေ ပါဝင်သည်။ တမံအလျား ၂၂၆၄ ပေ၊ တမံအမြင့် ၄၃၃ ပေ၊ ရေပိုလွှဲအကျယ် ၄၄၈ ပေ၊ ကန်ရေပြည့်ရေလှောင် ပမာဏ ဧကပေ ၂၁ ဒသမ ၁၄ သိန်း ရှိပြီး လျှပ်စစ်စက်တပ်ဆင်အား တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ဖြင့် စက်လေးလုံး၊ ၇၉၀ မဂ္ဂါဝပ်တပ်ဆင်ထားကာ တစ်နှစ်လျှင် လျှပ်စစ် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဓာတ်အားထုတ်လုပ်

စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး အမှတ်(၁)စက်ကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်းကောင်း၊ အမှတ်(၂)စက်ကို ၂၀၁၀ခုနှစ် ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း၊ အမှတ်(၃)စက်ကို ၂၀၁၀ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင်လည်းကောင်း၊ အမှတ်(၄)စက်ကို ယနေ့တွင် လည်းကောင်း လည်ပတ် ဓာတ်အား ထုတ်လုပ်ပေးနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ အမှတ်(၄) ဓာတ်အားပေးစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဓာတ်အားပေးစက် အောင်မြင်စွာ စတင်လည်ပတ်မှုနှင့် လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်မှုတို့ကို ကြည့်ရှုအားပေးသည်။

လက်ဆောင်ပေး

ယင်းနောက် ဝန်ကြီးချုပ်သည် နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများအား သစ်သီးခြင်း လက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ကြီး ဦးဇော်မင်းက စီမံကိန်း မြုပ်နှံ၍ အချိန်ကာလ ၁၀ နှစ်ခန့် အချိန်ယူ တည်ဆောက်ခဲ့ရခြင်း ဖြစ်သည့်အပြင် ခေတ်မီနည်းပညာရပ် ဆိုင်ရာများကိုလည်း များစွာအသုံးပြု

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရဲရွာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

၂၀၁၀ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုထုတ်ကုန်စည်ပြပွဲ-မြန်မာ ဖွင့်ပွဲကျင်းပ ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးပြီး ပြခန်းများအတွင်း လှည့်လည်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုထုတ်ကုန်စည်ပြပွဲ-မြန်မာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး ယာယီ တာဝန်ခံ Mr. Wang Zong Ying နှင့် သံရုံးအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုထုတ် ကုန်စည်ပြပွဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုထုတ် ကုန်စည်ပြပွဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Trade Development Bureau Ministry of Commerce မှ Dy. DG Mr.Jia Guo Yong က ပြပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Wang Zong Ying က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမ ဥပစာ၌ ကျင်းပရာ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုန်သည်/စက်မှု အသင်းချုပ် ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် အဖွဲ့ဝင်များက ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ၂၀၁၀ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုထုတ် ကုန်စည်ပြပွဲ-မြန်မာ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပြပွဲအတွင်း ပြခန်းများ ကဏ္ဍအလိုက် ခင်းကျင်းပြသထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ ၂၀၁၀ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုထုတ်ကုန်စည်ပြပွဲ-မြန်မာကို ယနေ့မှ ဒီဇင်ဘာ ၁၈ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုထုတ်ကုန်စည်များဖြစ်သည့် ယာဉ်နှင့် စက်ကိရိယာဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ စက်ကိရိယာများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဓာတုသတ္တုပစ္စည်းများ အပါအဝင် စက်မှုထုတ်ကုန်စည်များကို ခင်းကျင်းပြသထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

လူ့ကိုယ်တွင်းအင်္ဂါများ မှောင်ခိုရောင်းဝယ်မှု အီးယူတရားသူကြီးကြားနာ

ပရစ္စတီနာ ဒီဇင်ဘာ ၁၅

ဆင်းရဲနွမ်းပါးစွာနေထိုင်ကြရသူများထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းများရယူ၍ ကုန်သွယ်ရောင်းဝယ်သော နိုင်ငံတကာ ကွန်ရက်တစ်ခုတွင်ပါဝင်ပတ်သက်မှုဖြင့် ကိုဆိုဗိုနိုင်ငံသား ခုနစ်ဦးတို့ကို ဥရောပသမဂ္ဂ (အီးယူ) တရားသူကြီးတစ်ဦးက ကိုဆိုဗိုနိုင်ငံ ပရစ္စတီနာမြို့ တရားရုံးတစ်ရုံး၌ ဒီဇင်ဘာ ၁၄ ရက်က တရားစွဲဆိုခဲ့ကြောင်း သိရသည်။

တရားစွဲခံနေရသူ ခုနစ်ဦးတို့သည် မော်လ်ဒိုဗာ၊ ကာဇက်စတန်၊ ရုရှားနှင့် တူရကီနိုင်ငံတို့မှ ဆင်းရဲသားများကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ အထက်ပေးမည်ဟု ကတိပြုကာ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကိုရယူခဲ့ကြောင်း အီးယူတရားသူကြီး ဂျိုနာသန်ရက်တဲလ်က ပရစ္စတီနာခရိုင်တရားရုံး၌ ပြောကြားသည်။

ကိုဆိုဗို ခွဲစိတ်ကုဆရာဝန် လုသ်ဖီ ဒါဗီရှီ ဆိုသူဦးဆောင်သော အဆိုပါ ကိုယ်တွင်းအင်္ဂါ မှောင်ခိုရောင်းဝယ်ရေးဂိုဏ်းသည် ဆင်းရဲသားများကို မက်လုံးပေး၍ ကိုယ်အင်္ဂါများ ထုတ်ယူကာ ကနေဒါ၊ ဂျာမနီ၊ ပိုလန်နှင့် အစ္စရေးနိုင်ငံများမှ လူနာများထံသို့ ယူရိုငွေ ၈၀၀၀၀မှ ၁၀၀၀၀၀ အကြားရယူကာ ရောင်းချခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် ၎င်းတို့၏ ကိုယ်တွင်းအင်္ဂါများထုတ်ပေးလိုက်ရသူ ဆင်းရဲသားများမှာ ချူးတစ်ပြားမျှ ရရှိခဲ့ခြင်းမရှိကြောင်း ဥရောပသမဂ္ဂတရားသူကြီး ရက်တဲလ်ကပြောကြားသည်။

ဒေါက်တာဒါဗီရှီနှင့်အဖွဲ့ကမူ ၎င်းတို့ကို စွဲဆိုထားသည့် ပြစ်မှုများဖြစ်သော လူ့ကိုယ်တွင်း အင်္ဂါမှောင်ခိုရောင်းဝယ်မှုမှုစ၍ ဆေးပညာကို တရားမဝင်အသုံးပြုမှုများအထိ စွဲဆိုချက်များတွင် ၎င်းတို့အပြစ်မရှိကြောင်း လျှောက်လဲခဲ့ကြသည်။ **အေပီ။**

အီရန်တွင် အသေခံပုံးခွဲမှုနှစ်ရပ်ကြောင့် သေဆုံးသူ ၃၉ ဦးထိရှိလာ

တီဟီရန် ဒီဇင်ဘာ ၁၅

အီရန်နိုင်ငံအရှေ့တောင်ဘက်ရှိ ဝတ်ကျောင်းတစ်ခုအနီး၌ အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ် ဗုဒ္ဓဟူးနေ့ကဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေ ၃၉ ဦးအထိရှိခဲ့ကြောင်း အီရန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးများ ပါဝင်ကြောင်း မှုခင်းဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ အဆိုကို ကိုးကား၍ အိုင်အာရ်အင်န်အေ သတင်းဌာနက ဖော်ပြသည်။

အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် အီရန်နှင့် ပါကစ္စတန်နယ်စပ်ရှိ ချာဘာဟာဆိပ်ကမ်းမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အက်စ်ရှူရာပွဲတော်မတိုင်မီ တစ်ရက်အလို၌ စုရုံးရောက်ရှိနေသော ရှီးယိုက်အုပ်စုများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အက်စ်ရှူရာပွဲတော်သည် ရှီးယိုက်မွတ်စလင်များ အထွတ်အမြတ်ထားသော သူတော်စင်တစ်ပါး ၁၇ရာစုနှစ်တွင် သေဆုံးခဲ့ရသည့် အထိမ်းအမှတ်ပွဲတော်ဖြစ်သည်။ **အေပီ။**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်တစ်နေရာတွင် တွေ့ရသော တာလီဘန်တိုက်ခိုက်ရေးသမားတစ်ဦး။

တပ်ဖွဲ့ဝင်အင်အား ထပ်တိုးသော်လည်း အာဖဂန်စစ်မြေပြင်၌ အောင်မြင်မှုအနည်းငယ်သာ နေတိုးရ

ကဘူး ဒီဇင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့၏ လှုပ်ရှားမှုအရှိန်အဟုန်ကို ရပ်တန့်နိုင်ရေးအတွက် တပ်ဖွဲ့အင်အားတိုးချဲ့ တည်ဆောက်ရန် အမေရိကန်သမ္မတဘာရက်အိုဘားမားက ညွှန်ကြားခဲ့သည်မှာ တစ်နှစ်ကြာပြီဖြစ်သော်လည်း အာဖဂန်စစ်မြေပြင်၏ အခြေအနေမှာ သိသိသာသာ ပြောင်းလဲမှုမရှိသေးကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့များသည် အာဖဂန်တောင်ပိုင်း၌ စစ်သွေးကြွများကို ၎င်းတို့၏ခြေကုပ်စခန်းများမှ တိုက်ထုတ်နိုင်ခဲ့သော်လည်း အာဖဂန်မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့၌ စစ်သွေးကြွများက စစ်မျက်နှာသစ်များ ဖွင့်လာခဲ့ပြီး အရှေ့ပိုင်းတွင်မူ အကြမ်းဖက်တိုက်ခိုက်မှုများကို မြှင့်တင်လုပ်ဆောင်လာကြောင်း သိရသည်။

တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အာဖဂန်စစ်မြေပြင်ရှိ နိုင်ငံတကာတပ်ဖွဲ့များသည် တန်ဖိုးကြီးမားစွာ ပေးဆပ်ခဲ့ရပြီး ၂၀၁၀ခုနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၄၇၂ ဦး အပါအဝင် တပ်ဖွဲ့ဝင် ၆၈၀ ကျော် သေဆုံးခဲ့ရကာ အာဖဂန်စစ်မြေပြင်၌ နိုင်ငံတကာတပ်ဖွဲ့များအတွက် အသေအပျောက်အများဆုံးနှစ် ဖြစ်ခဲ့ရသည်။

ပါကစ္စတန်နယ်စပ်တစ်လျှောက်ရှိ စစ်သွေးကြွအခြေစိုက်စခန်းများကို ရှင်းလင်းရာတွင်လည်း အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များအနေဖြင့် အောင်မြင်မှုအနည်းငယ်သာ ရရှိခဲ့သည်ဟု ဆိုသည်။

အေပီ။

ဘဂ္ဂဒက် ရှီးယိုက်ပွဲတော်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်၌ အက်စ်ရှူရာဘာသာရေးပွဲတော် အထိမ်းအမှတ်အဖြစ် ရှီးယိုက်များတန်းစီလှည့်လည်နေစဉ် ဒီဇင်ဘာ ၁၄ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပွဲတော်လာ ရှီးယိုက်သုံးဦး သေဆုံးခဲ့ပြီး ၁၈ ဦး ဒဏ်ရာရခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့အတွင်းရှိ ရှီးယိုက်အများစုနေထိုင်ရာ ဂါဇာလီယာရပ်ကွက်၌ ညနေပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အလားတူ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်မိုင် ၄၀အကွာရှိ ဒီယာလာပြည်နယ် ခါလစ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ရှီးယိုက် ၁၄ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းလမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှု မဖြစ်ပွားမီ ဒီဇင်ဘာ ၁၃ရက်ကလည်း ဒီယာလာပြည်နယ်၌ပင် အသေခံဗုံးခွဲသမားတစ်ဦး၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရှီးယိုက်လေးဦး သေဆုံးခဲ့ပြီး ၁၇ဦးဒဏ်ရာ ရခဲ့သည်။ **အေအက်ဖ်ပီ။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁၅ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၅၁၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၅၁၃၀ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၅၁၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၁၃၀ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဒီဇင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁၅ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၅၀၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၆၅၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၀၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၆၅၄ ဦး

အင်တာနက်။

LG အရောင်းကိုယ်စားလှယ်ကြီးများတွေ့ဆုံပွဲနှင့် Full LED Slim 3D TV မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

LG အရောင်းကိုယ်စားလှယ်ကြီးများ တွေ့ဆုံပွဲနှင့် Full LED Slim 3D TV မိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ball room ၌ ကျင်းပရာ LG Electronic Co., Ltd. စီနီယာမန်နေဂျာ Mr. Sung Ho Moon နှင့် တာဝန်ရှိသူများ၊ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်နှင့် တာဝန်ရှိသူများ၊ LG မှ ဖိတ်ကြားထားသော အရောင်းကိုယ်စားလှယ်ကြီးများ၊ စာနယ်ဇင်းသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်နှင့် LG Electronic Co., Ltd. စီနီယာမန်နေဂျာ Mr. Sung Ho Moon တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် LG အရောင်းကိုယ်စားလှယ်ကြီးများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရ လက်ဆောင်များပေးအပ်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပြသကြသည်။

အဆိုပါမိတ်ဆက်ပွဲ အခမ်းအနားတွင် LG ၏ နောက်ဆုံးပေါ်နည်းပညာသစ် Full LED Slim 3D TV ကို ကြည့်ရှုခံစားနိုင်စေရန် အဓိက ရည်ရွယ်ပြသထားရာတွင် တစ်မူထူးခြားသော တောအုပ်ပုံစံဒီဇိုင်း အသွင်အပြင်ဖြင့် မိတ်ဆက်တင်ပြထားပြီး LG 3D ၏ ထူးခြားသော ရုပ်ပုံထွက်ရှိမှုကြောင့် တောအုပ်ကြီးအတွင်းသို့ ကိုယ်တိုင်ရောက်ရှိသွားသကဲ့သို့ ကြည့်ရှုသူများ ခံစားနိုင်စေရန် ပြသထားသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် LG အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော LG Refrigerator၊ Washing Machine၊ Dish Washer၊ Microwave Oven နှင့် Vacuum Calenar တို့ကို ခေတ်မီမီးဖိုခန်း အပြင်အဆင်ဖြင့် ဆွဲဆောင်မှုရှိစွာ ပြသထားသည်။

အဆိုပါ အခမ်းအနားတွင် LG မှ ကျန်းမာရေးအတွက် အထောက်အကူပြု Health Plus ကုန်ပစ္စည်းများ ထုတ်လုပ်ထားပြီး အဆိုပါ LG Health Plus Inverter လေအေးပေးစက်၏ လေစစ်ဆန်ခါများသည် လေထုအတွင်းရှိ H_1N_1 အပါအဝင် အခြားရောဂါပိုးမွှားများကို ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ဖယ်ရှားနိုင်ခြင်း၊ LG Health Plus အဝတ်လျှော်စက်များသည်လည်း အဝတ်အထည်များတွင် ကပ်ငြိနေသော ရောဂါပိုးမွှားများကို ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ဖယ်ရှားနိုင်ပြီး အထူးသန့်ရှင်းစင်ကြယ်စေကြောင်း သိရှိရသည်။

LG လျှပ်စစ်ပစ္စည်းများအား ဝယ်ယူလိုပါက LG အရောင်းပြခန်းနှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်သကဲ့သို့ တစ်ဆင့်ပြန်လည်ရောင်းချလိုပါက TMW Enterprise Ltd. အမှတ်(၉၀) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၄၀၀၇၇၁ နှင့် ၄၀၀၇၇၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်မြို့အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ပြည် ဒီဇင်ဘာ ၁၅

အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် အလက(၃) ပြည်မြို့၌ ကျင်းပမည် ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းများ ပါဝင်တက်ရောက်နိုင်ပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးသန်းစောဦး(ပြည်)ဖုန်း-၀၅၃-၂၆၀၈၁၊ ဒေါ်မိမိသင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၀၆၃၀၆၊ ဦးသိန်းအောင်(ပြည်) ဖုန်း-၀၉-၈၆၈၀၆၃၄၊ ဒေါ်သီတာစိုး(ရန်ကုန်) ဖုန်း-၀၉-၅၀၁၁၀၇၃၊ ဦးစိုးမိုးနိုင်(ပြည်) ဖုန်း-၀၉-၈၆၈၀၆၃၁၊ ဦးစိုးဝဏ္ဏ(ရန်ကုန်) ဖုန်း-၀၁-၇၃၀၆၅၈၆၄၊ ဒေါ်ရီရီမေ(ပြည်) ဖုန်း-၀၉-၅၃၁၂၉၁၅၊ ဦးထွန်းအေးမော်(မန္တလေး) ဖုန်း-၀၉-၂၀၀၃၅၅၅၊ ဒေါက်တာရန်နိုင်မောင်(ပြည်) ဖုန်း-၀၉-၅၃၁၀၁၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၆ ရက် ညနေထိခန့်မှန်းချက် ။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင် ငံ တ ကာ အား က စား သ တင်း

ထုတ်ပယ်ခံရရန် ရေပန်းစားနေခြင်းအပေါ် လီဗာပူးနည်းပြ ရှိုင်းဟော့ဒ်ဆန် ငြင်းဆို

လန်ဒန် ဒီဇင်ဘာ ၁၅

ပရီမီယာလိဂ်၌ နယူးကာဆယ်နည်းပြ ခရစ်ဟတ်တန်နှင့် ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်တို့ ထုတ်ပယ်ခံရပြီးနောက်တွင် နောက်ထပ် ထုတ်ပယ်ခံရရန် ရေပန်းစားနေသည့် နည်းပြမှာ လီဗာပူးနည်းပြ ရှိုင်းဟော့ဒ်ဆန်ပင်ဖြစ်ကြောင်း သတင်းများ ပေါ်ထွက်လာခဲ့သည်။

ယင်းထင်မြင်ချက်အပေါ် ရှိုင်းဟော့ဒ်ဆန်က မိမိမှာထုတ်ပယ်ခံရမည့် နည်းပြထဲတွင် မပါဝင်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ ရှိုင်းဟော့ဒ်ဆန်သည် ယမန်နှစ် ဖူလ်ဟမ်အသင်းကို ကိုင်တွယ်ခဲ့စဉ်က ယူရိုပါလိဂ်ဝင်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ယခုနှစ် လီဗာပူးကို ပြောင်းရွှေ့ကိုင်တွယ်ချိန်တွင် ရလဒ်မကောင်းဘဲ ပရီမီယာလိဂ်ပွဲစဉ်(၁၇)အပြီးတွင် ရမှတ် ၂၂ မှတ်ဖြင့် အဆင့်(၉)တွင်သာ ရပ်တည်နေနိုင်သည်။ ထို့ကြောင့် လီဗာပူးအသင်းမှာ ယူရိုပါလိဂ်ဝင်ခွင့် ရရေးပင် မလွယ်လှပေ။

အသက်(၆၃)နှစ်ရှိ ရှိုင်းဟော့ဒ်ဆန်က လီဗာပူးကို မည်သည့်နည်းပြမျိုးပင် ကိုင်တွယ်သည်ဖြစ်စေ ရလဒ် ထူးထူးခြားခြား ပြောင်းလဲလာမည် မဟုတ်ကြောင်း၊ မိမိအနေဖြင့် ရာထူးမှ ထုတ်ပယ်ခံရရေးကို မစိုးရိမ်၊ မထိတ်လန့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရှိုင်းဟော့ဒ်ဆန်နည်းတူ ထုတ်ပယ်ခံရရန် ရေပန်းစားနေသည့် နည်းပြများမှာ အေဗရာဂရန့်(ဝက်စ်ဟမ်း)၊ မက္ကာသီ(ဝုလ်ဗာဟမ်တန်)၊ အန်ဆန်လော့တီ (ချယ်လ်ဆီး)၊ မန်စီနီ(မန်စီးတီး)နှင့် ဂျရတ်ဟူလီယာ(ဗီလာ)တို့ပင်ဖြစ်သည်။

အင်တာနက်။

ထုတ်ပယ်ခံရမည့် နည်းပြထဲတွင် မပါဝင်ကြောင်း ပြောကြားလာသည့် လီဗာပူးနည်းပြ ရှိုင်းဟော့ဒ်ဆန်။

မန်စီးတီးအသင်း ဂိုင်းအက်ဆူလင်ကို ခေါ်ယူ

မန်ချက်စတာ ဒီဇင်ဘာ ၁၅

ဒုတိယနေရာမှ အာဆင်နယ်နှင့် ရမှတ်တူ တတိယနေရာတွင် ရပ်တည်နေသည့် မန်စီးတီးအသင်းသည် ဘာစီလိုနာ ကစားသမားဟောင်း ဖြစ်သည့် အစ္စရေးလက်ရွေးစင် ကွင်းလယ်လူ ဂိုင်းအက်ဆူလင်ကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မျူး တီဗက်ဇ်နှင့် မပြေလည်မှုများရှိနေသည့် မန်စီးတီးသည် ကြီးလေးကြီးစာရင်း ဝင်နိုင်ရုံသာမက ချန်ပီယံဆုကိုပါ မျှော်မှန်းနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် အရန်အင်အားတောင့်တင်းရန် ဤကဲ့သို့ ကစားသမားသစ်များ ဝယ်ယူနေခြင်းဖြစ်သည်။ အသက်(၁၉)နှစ်ရှိ ဂိုင်းအက်ဆူလင်သည် ပြီးခဲ့သည့် ဇွန်လကပင် ဘာစီလိုနာအသင်းမှ ထွက်ခွာခဲ့ကာ အသင်းလက်မဲ့ ဖြစ်နေသူဖြစ်သည်။ မန်စီးတီးအသင်းသည် ၎င်းအား နှစ်နှစ်ခွဲ သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးရောက် ဂိုင်းအက်ဆူလင်က "ကျွန်တော်ကစားချင်တဲ့အသင်းတွေထဲမှာ မန်စီးတီးအသင်း ပါဝင်ပါတယ်။ ကျွန်တော့်အနေနဲ့ လေ့လာသင်ယူမှုတွေ အများကြီးပြုလုပ်ပြီး ဒီအသင်းမှာ ရေရှည်နေရဖို့ ကြိုးစားသွားမှာပါ။ ဒီအသင်းမှာ ဘာစီလိုနာကစားသမားဟောင်း ယာယာတိုရေး ရှိနေတာက ကျွန်တော့်အတွက် အားတစ်ခုပါ" ဟု ၎င်းကဆိုသည်။ ဂိုင်းအက်ဆူလင်မှာ အသက်(၁၇)နှစ် ပြည့်ရန် နှစ်ပတ်အလိုကပင် အစ္စရေးလက်ရွေးစင်အသင်းတွင် ပါဝင်ကစားနေသူဖြစ်သည်။

အင်တာနက်။

ဖူလ်ဟမ်နှင့်ပွဲတွင် ပြန်လည်မြင်တွေ့ရတော့မည့် စတီဗင်ဂျရတ်။

စတီဗင်ဂျရတ် ဖူလ်ဟမ်နှင့်ပွဲတွင် ပြန်လာမည်

လန်ဒန် ဒီဇင်ဘာ ၁၅

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် ဒဏ်ရာရနေ၍ နိုဝင်ဘာ ၁၇ ရက်ကပင် အနားယူခဲ့ရသူဖြစ်သည်။ ယခုအချိန်တွင် ၎င်း၏ ဒဏ်ရာမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပြီးခဲ့သည့် တနင်္လာနေ့ကပင် အသင်းနှင့်အတူ လေ့ကျင့်ခန်း ပြန်ဆင်းနေပြီဖြစ်သည်။

သို့အတွက်ကြောင့် ဂျရတ်သည် လာမည့် ဒီဇင်ဘာ ၁၈ ရက်တွင် ဖူလ်ဟမ်ကို အိမ်ကွင်း၌ ဧည့်ခံကစားရမည့်ပွဲစဉ်(၁၈)၌ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

ထို့ကြောင့် နည်းပြရှိုင်းဟော့ဒ်ဆန်ကလည်း မိမိအသင်းမှာ ရလဒ်ကောင်းများ ပြန်လည် ရရှိနိုင်တော့မည်ဟု ဂျရတ်အပေါ် အားကိုးယုံကြည်စွာဖြင့် ဖွင့်ဟလာခဲ့သည်။

အင်တာနက်။

ဝင်းတင် (ကြေးမုံ)

ကမ္ဘာ့ဖလား လူငယ်ကြယ်ပွင့်ကို လီဗာပူး မျက်စိကျ

လီဗာပူး ဒီဇင်ဘာ ၁၅

ဇန်နဝါရီ အပြောင်းအရွှေ့ကာလ နီးကပ်လာသည်နှင့်အမျှ လီဗာပူးအသင်း၏ ဘောလုံးဒါရိုက်တာသစ် ဒါမီယန် ကိုမိုလီ အနေဖြင့် ဥရောပမှ ခြေစွမ်းရှိသည့် ဘောလုံးသမားများကို စုံစမ်းရင်း အလုပ်ရှုပ်နေပြီဖြစ်သည်။

ပြင်သစ်ကလပ် စိန့်အီတိန်းတွင် နှစ်နှစ်တာ အလုပ်လုပ်ခဲ့သော ကိုမိုလီ အနေဖြင့် ပြင်သစ်လိဂ်မှ ကြယ်ပွင့်ရှိုင်ယက်ဘော်ဒီဘောက်ကို ပစ်မှတ်ထားနေသည်ဟု ဆိုသည်။

ဆိုးချော့စ် တိုက်စစ်မျူး ဘော်ဒီဘောက်ကို စပါးနှင့် လိုင်ယွန် အပါအဝင် ဥရောပကလပ် အတော်များများက အလိုရှိနေသည်။

ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းကို အင်အားဖြည့်တင်းမည့် လီဗာပူးအသင်းအား မကြာမီက စပါးမှ ပြောင်းရွှေ့လာခဲ့သည့် ကင်းထောက် စတိဗ်ဟစ်ချင်ကလည်း အသက်(၂၀) အရွယ် ဘော်ဒီဘောက်ကို ဝယ်ယူရန် ထောက်ခံထားသည်။

ဘော်ဒီဘောက်သည် ဆိုးချော့စ်တွင် ပုံမှန်ကစားခွင့်ရနေသော ကစားသမားတစ်ဦးဖြစ်ပြီး လူငယ်ကစားသမားတစ်ဦးအဖြစ်မှ အဓိက ကစားသမားတစ်ဦးအဖြစ် လျင်လျင်မြန်မြန် ရောက်ရှိလာခဲ့သူဖြစ်သည်။

ပြင်သစ်ကလပ်အနေဖြင့် ၎င်းတို့၏ ကွင်းလယ်တိုက်စစ် ကစားသမားအား ဆက်ထိန်းထားလိုသော်လည်း ပေါင်လေးသန်းဝန်းကျင်ဖြင့် ကမ်းလှမ်းမည်ဆိုလျှင် ငြင်းနိုင်မည့်ပုံ မပေါ်ပေ။

"လီဗာပူးက သူ့ကို အတော်လေး စိတ်ဝင်စားနေပြီး ရှေ့နှစ်ပတ် သုံးပတ်အတွင်း ဒါမီယန် ကိုမိုလီက သူကစားမယ့်ပွဲကို လာကြည့်ဖို့ရှိပါတယ်" ဟု အတွင်းလူတစ်ဦးက ပြောကြားသည်။

ဘယ်သန် ကစားသမားတစ်ဦးဖြစ်ပြီး ဘောလုံးဆွဲပြေးပုံကောင်းသည့် ဘော်ဒီဘောက်သည် ကမ္ဘာ့ဖလားတွင် အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယား တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲ၌ အယ်လ်ဂျီးရီးယားဘက်မှ ပွဲချိန်ပြည့် ပါဝင်ကစားခဲ့သူဖြစ်သည်။

ပြင်သစ် ယူ-၂၁ အသင်းတွင် ကစားခဲ့ဖူးပြီး ကမ္ဘာ့ဖလားတွင် ကစားခွင့်ပေးမည်ဆိုသောကြောင့် အယ်လ်ဂျီးရီးယား လက်ရွေးစင်အသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။



လီဗာပူးအသင်း ပစ်မှတ်ထားလာသည့် ဘော်ဒီဘောက်။

စိုးတင့်နိုင်

"လီဗာပူးက သူ့ကို ခေါ်ယူနိုင်ဖို့ အတော်လေး ဖြစ်နိုင်ချေရှိပါတယ်။ တိုးတက်ဖို့ လိုသေးတယ်ဆိုပေမယ့် ထူးခြားချက်တွေရှိတဲ့ စိတ်ဝင်စားစရာ လူငယ်ကစားသမားလေးပါ"ဟု အတွင်းလူက ဆိုသည်။

ပြင်သစ် ဘောလုံးလောကတွင် ဘော်ဒီဘောက်ကို စိတ်လှုပ်ရှားစရာ ကွင်းလယ်ကစားသမားဟု သတ်မှတ်ထားကြသည်။ ***အင်တာနက်။***

ဟင်နရီလက်သစ်အား ဝယ်ယူရန် အာဆင်နယ်၊ စပါးနှင့် အင်တာ အပြိုင်ကြိုးပမ်း

လန်ဒန် ဒီဇင်ဘာ ၁၅

အာဆင်နယ်နှင့် စပါးအသင်းတို့သည် မီယာနော့ဒ်အသင်း၏ ဒတ်(ဂျ်) လူမျိုး လူငယ်ကစားသမား ကက်စ်တိုင်နော့စ်အား ဝယ်ယူစာချုပ်ချုပ်ဆိုရန် အင်တာမီလန်အသင်းနှင့်အပြိုင် ကြိုးပမ်းလျက်ရှိသည်။

အသက် (၁၈)နှစ်အရွယ် ကက်စ်တိုင်နော့စ်ကို ယခုနှစ်ဘောလုံးရာသီတွင် ပြင်သစ်ထိပ်တန်းဘောလုံး ကစားသမား ဟင်နရီလက်သစ်ဟု နှိုင်းယှဉ်ပြောကြားနေကြသည်။ ဥရောပထိပ်တန်း ဘောလုံးအသင်းများကလည်း ၎င်းကို စိတ်ဝင်စားလျက်ရှိပြီး ကမ္ဘာ့ဘောလုံးလောကတွင် အလားအလာရှိသူတစ်ဦးဖြစ်ကြောင်း သုံးသပ်ကြသည်။

ကမ္ဘာ့အကောင်းဆုံး ကစားသမား ၁၀၀ ပါဝင်သည့် ဒွန်ဘာလွန်စာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ကက်စ်တိုင်နော့စ်အား စပါးနှင့် အာဆင်နယ်အသင်းတို့က စိတ်ဝင်စားလျက်ရှိနေသော်လည်း ၎င်းအားဝယ်ယူရန် အင်တာမီလန်နှင့် ပြောဆိုပြီးဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၀၉ ခုနှစ် ၁၇ နှစ်အောက် ယူအီးအက်ဖ်အေ ဥရောပဖလားပြိုင်ပွဲ၌ ကက်စ်တိုင်နော့စ်၏ စွမ်းဆောင်မှုကို ထိပ်တန်းဘောလုံးအသင်းများက နှစ်ခြိုက်



အာဆင်နယ်၊ စပါးနှင့် အင်တာတို့ စိတ်ဝင်စားနေသည့် ကက်စ်တိုင်နော့စ်။

လျက်ရှိနေခြင်းအပြင် စပါးနှင့် အာဆင်နယ်အသင်းတို့ကလည်း ၎င်းအား အပြိုင်အဆိုင်ဝယ်ယူရန် ကြိုးပမ်းနေကြသည်။ ***အင်တာနက်။***

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားစစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားစစ်သံမှူး Colonel Rumdas Cheav နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် ကမ္ဘောဒီးယားစစ်သံမှူး Colonel Seng Ear တို့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားစစ်သံမှူး Colonel Rumdas Cheav နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် ကမ္ဘောဒီးယားစစ်သံမှူး Colonel Seng Ear တို့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)